# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး
# ၁၃ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၃- ၇ - ၂၀၁၃ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ - ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အမှတ်(၆၄) အခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍ စာရင်းမှ ပယ်ဖျက်ပေးပါရန်နှင့် နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x၃၀) ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုး ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **လူရည်ချွန် မောင်/မယ်များ မိမိမြို့မှ စုရပ်သို့ အသွား/အပြန် အမှန်ကုန်ကျသည့် ခရီးစရိတ် ထောက်ပံ့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီမြို့နယ်၊ မောတောင်ဒေသရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်၊ ကျောင်းသားဦးရေနှင့် လုံလောက်သည့် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် ကျောင်းသားနှင့်ဆရာ မျှတသည့်အချိုးဖြစ်အောင် ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **(၃၆)နှစ်ခန့်ကြာမြင့်နေပြီး ဥပမိရုပ်မကောင်းတော့သည့် လက်ပံတန်း မြို့နယ် ကနစိုးကုန်း အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံတစ်ဝန်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် အသုံးမပြုတော့သော စက်ယန္တရားအဟောင်း/အပျက်များ မည်မျှရှိသည်၊ ထိုစက်ယန္တရားများကို မည်သည့် အစီအမံပြုလုပ်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများမှာ တရားဝင် ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားခြင်းမရှိသေးသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။